## ရည်ရွယ်ချက်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များကို ဓမ္မဓိဋ္ဌာန်ကျစွာဆောင်ရွက်ရာတွင်လိုက်နာရမည့်ကျင့်ဝတ်၊ သိက္ခာများကိုလိုက်နာစေခြင်းအားဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော အခြေအနေများနှင့် ကင်းရှင်းမှုရှိစေရန်ဖြစ်ပါသည်

## အဖွဲ့၏ လုပ်ငန်းတာဝန်များ

- အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုများကို ကြိုတင်ဆန်းစစ်လေ့လာခြင်း၊ အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက်အသိပညာပေးဆောင်ရွက်ခြင်း၊ သင်ကြားပို့ချခြင်း၊ ကြိုတင်တားဆီးရေးများ ဆောင်ရွက်ခြင်း၊
- အဂတိလိုက်စားမှု ပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊
- အဖွဲ့၏ဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ လစဉ် အစီရင်ခံစာ တင်ပြခြင်း၊

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)အရ အဂတိလိုက်စားမှုဆိုသည်မှာ

၁။ မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုမမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုး လက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း။

၂။ မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း။

## အဂတိအမျိုးအစားများ

အဂတိမြောက်သည့် အပြုအမူများတွင် လာဘ်ပေးလာဘ်ယူခြင်း(bribery)၊ ခြိမ်းခြောက်ငွေညှစ်ခြင်း (extortion)၊ လိမ်လည်ခြင်း (fraud)၊ အလွဲသုံးစားလုပ်ခြင်း (embezzlement)၊ ဆွေမျိုးမိတ်ဆွေကောင်းစားရေးဆောင်ရွက်ခြင်း (nepotism, cronyism)၊ အများပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်အဖြစ်သုံးစွဲခြင်း(appropriation of public assets and property for private use) နှင့် ဩဇာသုံးအကြံအဖန်လုပ်ခြင်း(influence peddling) အပြုအမူများ အကျုံးဝင်ပါသည်။

အဂတိလိုက်စားခြင်းဆိုသည်မှာ အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ရန် အပ်နှင်းထားသည့် အာဏာနှင့်လုပ်ပိုင်ခွင့်ကို ပုဂ္ဂလိက အကျိုးစီးပွားအတွက် အသုံးပြုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခံထားရသူ တစ်ဦးက သူ တရားဝင်ရရှိထားသောအဆင့် နေရာနှင့်ရာထူးဌာနန္တရကို ပုဂ္ဂလိက အကျိုးစီးပွားအတွက် အသုံးပြုခြင်းဖြစ်ပါသည်။ အဂတိလိုက်စားခြင်းသည် စာရိတ္တပျက်စီးခြင်း၊ အကျင့်ပျက်ခြင်း၊ ခြစားခြင်း ဖြစ်ပါသည်။ အကျင့်ပျက်ခြင်း သို့မဟုတ် စာရိတ္တခြစားခြင်းဟုလည်း ခေါ်ဝေါ်ပါသည်။

ယေဘုယျအားဖြင့် ပိုင်းခြားထားသော အဂတိလိုက်စားခြင်းအမျိုးအစားများမှာ -

(က) အသေးစားအဂတိလိုက်စားမှု (petty corruption)။ လုပ်ပိုင်ခွင့်အာဏာရှိသူသည်တာဝန်အရ အများပြည်သူဝန်ဆောင်မှုလုပ်ငန်း (Public Services) ဆောင်ရွက်ရာတွင် အကျိုးတစ်စုံတစ်ရာ စီမံဆောင်ရွက်ပေးရန်အတွက် တရားမဝင် မမှန်မကန်သည့် နည်းလမ်းဖြင့် ငွေကြေးလက်ခံခြင်းဖြစ်သည်။

(ခ) အကြီးစား အဂတိလိုက်စားမှု (grand corruption)။လာဘ်ထိုးမှုအားလက်ခံသူသည်ရာထူး မြင့်မားသည့် အရာရှိကြီးများ/လုပ်ပိုင်ခွင့် အာဏာမြင့်မားသူများဖြစ်လေ့ရှိပြီး လက်ခံသည့် ငွေကြေးပမာဏ၊ ပစ္စည်းတန်ဖိုးပမာဏ အလွန်ကြီးမားများပြားသည်။

(ဂ) လက်ဆောင်ပေးခြင်း (gift)။ အခြားအဂတိလိုက်စားမှု ပုံစံတစ်မျိုးမှာ လက်ဆောင်အဖြစ် အရာဝတ္ထုပစ္စည်းပေးခြင်းသော်လည်းကောင်း၊ အစားအသောက်ဖြင့် ဧည့်ခံကျွေးမွေးခြင်းသော်လည်းကောင်း ပြုလုပ်၍ ရင်းနှီးမှုရယူခြင်းကို လက်ခံပြီး လုပ်ပိုင်ခွင့်အာဏာရှိသူမှ အကျိုးတစ်စုံတစ်ရာ ပြန်လည်စီမံ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

## “ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး ထိန်းကျောင်းပေး”

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့
# ပညာပေးလက်ကမ်းစာစောင်
# (၁)

## ဖွဲ့စည်းခြင်း

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၃ - ၇ - ၂၀၁၉ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၉ အပိုဒ် (၄) အရ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့အား ၃၁-၇-၂၀၁၉ ရက်စွဲပါ ရုံးအမိန့်အမှတ်။ ၃။ ဖြင့် ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော အဖွဲ့ဝင် (၁၂)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။